**Rodent Control Managements ( ကြွက် ကာကွယ်နှိမ်နင်းရေး၊ နည်းလမ်း များ)**

- အစားအစာ တဝိုက်၊ မီးဖိုချောင် ထောင့်များ၊ ဘီရိုအတွင်းနှင့် ရေဇလုံ အောက်တို့မှာ ကြွက်ချေး ရှိနေရင်၊ ကြွက်ရှိနေပြီကို သတိပြုရ၊ ကြွက်ဝင်ပေါက်တွေကို ပိတ်ဆို့ပစ်ရ၊ အစာနှင့်ရေကို ဖြတ်တောက်ပစ်ရ၊ စားစရာ ထည့်ထားသမျှ အိတ်များကို လုံခြုံအောင် ပိတ်ဆို့ထားရ၊
- ငှက်ကျွေးစာများကို ရှင်းပစ်ရ၊ အိမ်မွေးတိရိစ္ဆာန်၏ အစာနှင့်ရေကို ညအခါ၌ စွန့်ပစ်ရ၊ အသီးနှင့်ဟင်းသီးဟင်ရွက်များကို လုံခြုံစွာ ဖုံးအုပ်ထားရ၊
- အိမ်၌ ရှိသော ကျိုးနေ၊ ပေါက်နေသည့် ရေပိုက်၊ ပျက်စီးနေသည့် ဘုံဘိုင်ခေါင်းများကို ချက်ချင်း ပြုပြင်ပါ၊ အမှိုက်သရိုက်နှင့် သစ်ရွက်ဆွေးများ ရှိမနေရ၊
- ကွဲနေသော အုတ်မြစ်များ၊ လေဝင်လေထွက်ပေါက်များ၊ ဘီရိုအနီး အပေါက်များ၊ တံခါးပေါက်မှ တွားသွားနိုင်သည့် နေရာများ၊ တံခါး(သို့)ပြတင်းပေါက် တဝိုက် အပေါက်များ၊ အဆောက်အဦး အောက်မှ တွားသွားနိုင်သည့် နေရာများကို ပိတ်ဆို့
- ငှက်စာ ကျွေးခြင်းကို ရှောင်ရှားပါ၊ အစာအကြွင်းအကျန် မရှိရန် ထိန်းသိမ်းရ၊ စက္ကူစများ၊ အဝတ်စများကို အသိုက်မလုပ်နိုင်ရန် စွန့်ပစ်ပါ၊
- ကြွက်များကို အသေဖမ်းထောင်ချောက် (Snap - Trap) ဖြင့် ဖျက်ဆီးပစ်ရ၊ အရှင်ဖမ်းထောင်ချောက်(Live - Trap) သုံးခဲ့ရင် ကြွက်သေးရောဂါအန္တရာယ် ဖြစ်၍ ပျံ့နှံ့မှုကို ဂရုစိုက်ရ၊ အချို့ပြည်နယ်များမှာ ကြွက်များ လွှတ်ပေးခြင်းကို တားမြစ်၊
- ပုန်းခိုရာနှင့် အမိုး၊ အကာကို ဖယ်ရှားပစ်ရ၊ အစားအစာကို လုံခြုံအောင်ထားရ၊ ပတ်ဝန်းကျင် သန့်ရှင်းနေရ၊ ကြွက်မရှိတယ့်နေရာ (Rat-Free Property) ဖြစ်အောင် ထိန်းသိမ်းနိုင်ရ၊ ကြွက်ဝင်ပေါက်များကို (၁/၄)လက်မပတ်လည် သတ္တုပြားနှင့် ပိတ်ဆို့ပစ်ရ၊
- မြက်ပင်ကို (၂)လက်မထက် မရှည်စေရ၊ အိမ်နှင့်နီးသော၊ အဆောက်အဦး၊ အမိုးနှင့် နီးသော သစ်ပင်ကိုင်းများကို (၃)ပေကျော်ရင် ဖြတ်ပေးပါ၊
- ခြံပြင်၊ အပင်ပုများ၊ ခြံစည်းရိုးများကို အဆောက်အဦးနှင့် ကြား၌ အနည်းဆုံး ခြေနှစ်လှမ်းစာ ခြားထားပြီး ထိန်းသိမ်းပါ၊

- အကင်များပြုလုပ်ရာ၊ ချက်ပြုတ်နေရာများကို အမြဲသန့်ရှင်းပါ၊ ထင်းချောင်းများကို မြေပြင်နှင့် အဆောက်အဦးအနီးမှ အဝေးသို့ လွှင့်ပစ်ပါ၊
- ထောင်ချောက်များ သုံး၍ နှိမ်နင်းနိုင်၊ သဘာဝ သားရဲတိရိစ္ဆာန်များဖြင့် လည်း နှိမ်နင်းနိုင်၊ (Snake)မြွေ၊ (Hawk)သိမ်းငှက်၊ (Eagle)လင်းယုန်၊ (Barn-Owl) လင်ကောင်ပိုး၊ (Owl)ဇီးကွက်၊ (Kite) စွန်တို့ အတွက် အသိုက်များ လုပ်ပေးရ၊
- ဇီးကွက်စီမံကိန်း အတွက် ကြွက်ဆေး မသုံးရပါ(non target)၊
- စိုက်ချိန်တူ၊ သက်တမ်းတူ သီးနှံများကို တကွင်းတစပ်တည်း ညီညာစွာ စိုက်ပျိုးရန်
- ကြွက်ခိုအောင်းရန်နှင့် စားသောက်ရန် ဖြစ်နေသော ချုံပုတ်၊ ကန်သင်း၊ ပေါင်းမြက်များ ကို မစိုက်ပျိုးမီ ရှင်းလင်းထားရန်
- ကြွက်များခိုအောင်းနိုင်သဖြင့် လယ်ကန်သင်းများကိုအကျယ်(၁)ပေထက်မပိုရ
- ကြွက်ကျင်းများ တူးဖော်၍ ကြွက်ဖမ်းခြင်း(မြေကြွက်အမျိုးမျိုးနှင့်ပွေး)

  (က)ကြွက်ကျင်းထဲသို့ ရေလောင်းထည့်၍ ကြွက်ဖမ်းခြင်း

  (ခ)ကြွက်ကျင်းထဲသို့ မီးခိုးမှိုင်းတိုက်၍ ကြွက်ဖမ်းခြင်း
- ကြွက်များအား လူအင်အားဖြင့် ခြောက်လှန့်ဖမ်းဆီးခြင်း
- ကြွက်ထောင်ချောက် အမျိုးမျိုး သုံးခြင်း

  (က) ဝါးညှပ်

  (ခ) (ပလပ်စတစ်၊ သစ်သား၊ သံ)ထောင်ချောက်

  (ဂ)ဘိ အမျိုးမျိုး

  (ဃ)အများဖမ်း၊ အရှင်ဖမ်း ထောင်ချောက်
- ကြွက်ကာပစ္စည်းများ အသုံးပြုခြင်း(မြေကြွက်အမျိုးမျိုး၊ ကြွက်ဝမ်းဖြူ)
- ကြွက်များ၏ သဘာဝရန်သူကို ထိန်းသိမ်း၊ မွေးမြူခြင်း

  (က)လင်ကောင်ပိုး၊ ဇီးကွက်၊ စွန်

  (ခ)ကြောင်၊ ခွေးမုဆိုး၊ မြွေပါ၊ မြွေ
- ကြွက်သတ်ဆေးဖြင့် နှိမ်နင်းခြင်း

  (က) ချက်ချင်း သေစေသော ကြွက်သတ်ဆေး(ဇင့်ဖော့စဖိုဒ်)

(ခ)တဖြည်းဖြည်းချင်း သေစေသော ကြွက်သတ်ဆေး (မန္တလာ၁/၂ နှင့် မှတ်ပုံတင်ထားသော ဆေးများ)

- ပွေး၊ ရှဉ့်၊ ဖြူ တို့အတွက် Pepper Sprayကိုလည်း သုံးနိုင်ပါသည်။
- စပါးကို ကောက်စိုက်ချိန်၊ ပင်ပွားထွက်ချိန်၊ ဖုံးစလုံးစအချိန်နှင့် ဆောင်းသီးနှံကို စတင်စိုက်ချိန်၊ ပန်းပွင့်ချိန်၊ ကြွက်ဦးရေ အနည်းဆုံးနှင့် သားမပေါက်မီအချိန် တို့မှာ ကြွက်ဆေးချရပါမည်။
- မှတ်ပုံတင်ထားသော ကြွက်ဆေးများကိုသာ အညွှန်းစာပါအတိုင်း အတိအကျ လိုက်နာသုံးစွဲရမည်။
- မြေကြွက်အတွက် ကြွက်ကျင်းထဲသို့ ဦးစားပေးချရန်၊ ကြွက်ဝမ်းဖြူ၊ ကြွက်ဖလောင်းအတွက် ခိုအောင်းရာနေရာ (ချုံပုတ်၊ အသိုက်) များကို ဦးစားပေးချရန်နှင့် ကြွက်ကျင်းဝများ၊ ကြွက်ပြေးလမ်းများ၊ အသံကြားနေရသည့် နေရာ၊ ဖျက်ဆီးမှုတွေ့ရသည့် နေရာများ၌လည်း ဆေးချပေးရန် လိုပါသည်။